**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားညီညွတ်ရေးအစိုးရ**
**နိုင်ငံတော်သမ္မတရုံး**
presidentoffice@nugmyanmar.org

---

**“သတင်းထုတ်ပြန်ချက်”**

**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်**

အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်မိုးနှင့် သမ္မတအကြံပေးနှင့် သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးကျော်ဇော်တို့သည် ၂၆ ဆက်မြောက် ကနေဒါ ဘုရင်ခံချုပ် Right Honourable Adrienne Clarkson နှင့် PEN International အဖွဲ့၏ ဥက္ကဋ္ဌလည်းဖြစ်၊ ကနေဒါနိုင်ငံသားဆိုင်ရာ အင်စတီကျု (Institute for Canadian Citizenship) ပူးတွဲတည်ထောင်သူနှင့် ပူးတွဲဥက္ကဋ္ဌဖြစ်သူ John Ralston Saul တို့ နိုဝင်ဘာလ ၂ ရက်နေ့က တည်ခင်းဧည့်ခံသော နေ့လည်စာ စားပွဲသို့ တက်ရောက်ခဲ့ပါသည်။

တွေ့ဆုံချိန်အတွင်း မြန်မာနိုင်ငံတွင် ဖြစ်ပေါ် တိုးတက်မှုများနှင့် လက်ရှိ အခြေအနေအရပ်ရပ်၊ ရိုဟင်ဂျာ အရေးကိစ္စများနှင့် အားလုံးပါဝင်နိုင်သော ဖက်ဒရယ် ဒီမိုကရေစီဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင် ဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

မြန်မာလူထု၏ ဖက်ဒရယ် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးဆိုင်ရာ ကြိုးပမ်းမှုများအပေါ် ဆက်လက် ထောက်ခံ အားပေးခြင်းအတွက် ဒုဝန်ကြီးနှင့် သမ္မတရုံးပြောခွင့်ရတို့က အထူး ကျေးဇူးတင်စကား ပြောဆိုခဲ့ပါသည်။

****